# အစီရင်ခံခြင်း

ဒီဝတ္ထုဟာ ဘယ်လိုစာပေအမျိုးအစားထဲမှာ ပါသလဲဆိုတာ သတ်မှတ်ဖို့ တော်တော်ခက်ပါတယ်။ တကယ်အတည်ရေးထားတာလား ဆိုတော့ မဟုတ်ဘူး။ ဒါဖြင့် ဟာသဝတ္ထုလား ဆိုတော့လည်း မဟုတ်ပြန်ဘူး။ ခပ်တည်တည်နဲ့ နောက်ထားတာလို့ ဆိုရအောင်ကလည်း နောက်သလို ပြောင်သလိုနဲ့ အလွန်လေးနက်တဲ့ ကိစ္စတွေ ပြောထားပြန်ရော။ အဆင့်မြင့်သရော်စာလို့ တံဆိပ်တပ်ရကောင်းမလား။ သူ့ဝတ္ထုထဲက ဇာတ်ကောင်ပညာရှိတွေလို အဖြေ - ? (အန်နုန်း - မသိပါ)လို့ ပြောတာပဲ အန္တရာယ်အကင်းဆုံးဖြစ်မယ်ထင်ပါရဲ့။

ဒီစာအုပ်အတွက် မျက်နှာဖုံးပုံ ရေးဆွဲဖို့ စဉ်းစားရာမှာလည်း တော်တော်ဦးနှောက်ခြောက်ခဲ့ရတယ်။ နောက်ဆုံးတော့ ဝတ္ထုနဲ့လိုက်ဖက်မယ့် ဂန္ထဝင်အနုပညာလက်ရာတွေကို ပြန်လည်ပေါင်းစပ်ပြီး 'ဆရာ ဟန်ဆန်း' က ဖန်တီးပေးလိုက်ရပါတယ်။

ဒီဝတ္ထုကို ဖတ်ရတာ နည်းနည်းတော့ လက်ဝင်ပါလိမ့်မယ်။ ဒါပေမယ့် ကြိုးစားပြီး ဖတ်ကြည့်ကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ တစ်ခုခုတော့ ရသွားနိုင်လိမ့်မယ်ထင်ပါတယ်။

ဝတ္ထုကို ဖတ်ကြည့်တဲ့အခါ ဆရာမောင်ဝဏ္ဏအနေနဲ့ ဒဿနဗေဒ၊ စိတ်ပညာ၊ သမိုင်း၊ ဂမ္ဘီရ၊ နက္ခတ္တဗေဒ၊ ယုတ္တိဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ သင်္ချာ စတဲ့ ပညာရပ်ပေါင်းစုံကို ဘယ်လောက်ထိ ဖတ်ခဲ့၊ မှတ်ခဲ့၊ လေ့လာခဲ့သလဲ ဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။ ဆရာကတော့ တစ်သက်လုံး 'သူ မဟုတ်သလို' နေသွားခဲ့ပါတယ်။ ဒီဝတ္ထုကျမှသာ ပုံအောပြီး သွန်ချလိုက်ပုံ ရပါတယ်။

ဘာပဲဖြစ်ဖြစ် ဆရာမောင်ဝဏ္ဏဟာ ဒဿနိကဗေဒဘွဲ့ရ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာတစ်ယောက်အဖြစ်ထက် နည်းနည်းတော့ ' ပို ' တယ်ဆိုတာ ရိပ်စားမိနိုင်ကြလိမ့်မယ် ထင်ပါတယ်။

စီစဉ်သူ